Griffith UNIVERSITY
Queensland, Australia

## လူသားသုတေသနကျင့်ဝတ်ရေးရာကော်မတီ (HREC)

## သဘောတူခွင့်ပြုချက်ပုံစံလွှာ

၁။ ကျွန်ုပ်သည် ပေးထားသော သတင်းအချက်အလက်စာရွက်ကို ဖတ်ရှုပြီး၍ ယခုပြုလုပ်သည့် လေ့လာမှုတွင် ပါဝင်ရန် သဘောတူပါသည်။

| | |
|---|---|
| **အကြောင်းအရာ -** | **မြန်မာနိုင်ငံတွင် ကိုဗစ်၁၉ရောဂါဖြစ်ပွားသည့်ကာလအတွင်း လိင်ကွဲပြားမှုကြောင့် ကြုံတွေ့ရသော အခက်အခဲများ၊ အကျိုးသက်ရောက်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုများကို ကွင်းဆင်းလေ့လာခြင်းနှင့် မူဝါဒလမ်းညွှန်ချက်** |
| **ကျင့်ဝတ်ဆိုင်ရာ အတည်ပြုချက်အမှတ် -** | 2021/409<br>၂၀၂၁/၄၀၉ |

၂။ သုတေသနအဖွဲ့ဝင်က ယခုပြုလုပ်သည့် လေ့လာမှုနှင့် ပတ်သက်၍ ကျွန်ုပ်နားလည်သည်အထိ ရှင်းပြပြီးဖြစ်၍ ကျွန်ုပ်၏ သဘောတူညီချက်ကိုလည်း ရရှိပါသည်။

၃။ ကျွန်ုပ်သည် ယခုသုတေသနလေ့လာမှုပြုလုပ်ရခြင်းရည်ရွယ်ချက်ကို နားလည်သိရှိသည့်အပြင် ကျွန်ုပ်၏ပါဝင်မှုသည် ကျွန်ုပ်အတွက် မည်သည့် အကျိုးသက်ရောက်မှုမှ မဖြစ်စေကြောင်းကို ရှင်းပြထားပေးပြီး ဖြစ်ပါသည်။

၄။ ယခုလေ့လာမှုမှရရှိသည့် အချက်အလက်များကို ပုံနှိပ်ထုတ်ဝေမည်ဖြစ်သော်လည်း ကျွန်ုပ်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ထုတ်ဖော်ပြမည်မဟုတ်ကြောင်းကို ကျွန်ုပ်အား ပြောပြထားပြီး ဖြစ်ပါသည်။

၅။ ကျွန်ုပ်သည် ယခုလေ့လာမှုမှ ကျွန်ုပ်၏ပါဝင်မှုကို အချိန်မရွေး လွတ်လပ်စွာ ရပ်တန့်နိုင်ကြောင်း နားလည်ပါသည်။

၆။ ကျွန်ုပ်သိလိုသည့် မေးခွန်းများရှိလျှင် သုတေသနပြုလုပ်သည့် အဖွဲ့ကို အချိန်မရွေးဆက်သွယ်နိုင်ကြောင်း သိရှိပါသည်။

၇။ ယခုလေ့လာမှုကို ဩစတြေးလျနိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးသုတေသနဗဟိုဌာနမှ ထောက်ပံ့ပေးပြီး ဩစတေးလျနိုင်ငံ၊ ဘရစ်ဘိန်းမြို့၊ ဂရစ်ဖစ်တက္ကသိုလ်၊ ဂရစ်ဖစ်အင်စတီကျုမှ ပါမောက္ခ Sara Davies နှင့် တွဲဖက်ပါမောက္ခ Robin E Roberts တို့က ဦးဆောင်ပြုလုပ်သည်ကိုသိရှိပါသည်။ ယခုတွေ့ဆုံမေးမြန်းမှုများကို မြန်မာနိုင်ငံကိုယ်စားပြု ဆရာမဇင်မာဦး (zinmaroo@gmail.com) မှ ဦးဆောင်ပြုလုပ်ပါသည်။

၈။ ယခုသုတေသနပြုလုပ်ရာတွင် ကျွန်ုပ်၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို ကောက်ယူခြင်း၊ ထိန်းသိမ်းထားခြင်း နှင့်/သို့မဟုတ် အသုံးပြုခြင်းများ ပါဝင်ပါသည်။ သုတေသနတွင် ပါဝင်သူနှင့်ပတ်သက်သည့် သတင်းအချက်အလက် စာရွက်တွင် ဖော်ပြပြီးသကဲ့သို့ လွှဲပြောင်းသတ်မှတ်ထားသည့် ကျွန်ုပ်၏ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ပေးပို့ခြင်း၊ ထိန်းသိမ်းထားခြင်း သို့မဟုတ် ပြည်ပရှိသူများလည်း ဖတ်ရှုနိုင်မည့် ဤသုတေသနမှ ထွက်ရှိသော

Griffith UNIVERSITY
Queensland, Australia

စာအုပ်စာတမ်းများ/အစီရင်ခံစာများတွင် ဖော်ပြခြင်း ပြုလုပ်မည်ဖြစ်ပါသည်။ ဤအရာများကို ကျွန်ုပ်၏ခွင့်ပြုချက်နှင့် ပြုလုပ်ခြင်း ဖြစ်ပါသည်။ ကောက်ယူထားသော အခြားကိုယ်ရေးကိုယ်တာအချက်အလက်များကို လျှို့ဝှက်ထားပြီး အစိုးရ၊ ဥပဒေရေးရာ သို့မဟုတ် အခြားသောအာဏာပိုင်အဖွဲ့၏ သတ်မှတ်ချက်များကို ဖြည့်ဆည်းရန်မှလွဲ၍ သင်၏ခွင့်ပြုချက်မရဘဲ အခြားသူများထံသို့ ထုတ်ဖော်ပြမည်မဟုတ်ပါ။ အမည်လွှဲပြောင်းသတ်မှတ်ထားသော အချက်အလက်မိတ္တူကို လူတိုင်းရယူနိုင်စေရန် အကန့်အသတ်မရှိ ထုတ်ဝေခြင်း (ဥပမာ– မည်သူမဆို ဝင်ရောက်ကြည့်ရှုနိုင်သည့် အွန်လိုင်းစာကြည့်တိုက်တွင် ထားရှိခြင်း) အပါအဝင် အခြားသုတေသန ရည်ရွယ်ချက်များအတွက် အသုံးပြုနိုင်သည်။ သို့ရာတွင် ကျွန်ုပ်၏ ကိုယ်ရေးအချက်အလက်ကို ခွင့်ပြုသည့်နေရာမှလွဲ၍ အခြားတွင် မဖော်ပြဘဲ အမြဲတမ်းလျှို့ဝှက်ထားရှိရမည်။ ထပ်မံသိရှိလိုပါက http://www.griffith.edu.au/about-griffith/plans-publications/griffith-university-privacy-plan (သို့မဟုတ်) ဖုန်းနံပါတ် (၀၇) ၃၇၃၅ ၄၃၇၅ သို့ ဆက်သွယ်ကာ တက္ကသိုလ်၏ သီးသန့်လုံခြုံရေးစနစ်နှင့်ပတ်သက်၍ ဆွေးနွေးနိုင်ပါသည်။

၉။ ယခုသုတေသနတွင်လုပ်ဆောင်သည့် ကျင့်ဝတ်နှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများ၊ တိုင်ကြားချက်များရှိလျှင် သို့မဟုတ် ထိခိုက်စေသည့်ဖြစ်ရပ်များပေါ်ပေါက်ခဲ့လျှင် သို့မဟုတ် အကြောင်းတစ်ခုခုကြောင့် စီမံကိန်းကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရပ်နားခဲ့ရလျှင် ဂရစ်ဖစ်တက္ကသိုလ်၊ သုတေသနကျင့်ဝတ်ရေးရာဌာနရှိ မန်နေဂျာထံသို့ ချက်ချင်း အကြောင်းကြားရမည်ကို ကျွန်ုပ်နားလည်သိရှိပါသည်။ မည်သည့်တိုင်ကြားချက် သို့မဟုတ် စိုးရိမ်ပူပန်မှုကိုမဆို လျှို့ဝှက်ကိစ္စအဖြစ်သဘောထားပြီး အလေးအနက်စုံစမ်းစစ်ဆေးသွားမည် ဖြစ်ပါသည်။ စစ်ဆေးမှုရလဒ်ကို ကျွန်ုပ်ထံသို့ အကြောင်းကြား ပေးပို့မည် ဖြစ်ပါသည်။

၁၀။ ကျွန်ုပ်သည် ယခုလေ့လာမှုနှင့်ဆက်စပ်သော မေးခွန်း သို့မဟုတ် ပြဿနာများရှိပါက သို့မဟုတ် စိုးရိမ်မှုနှင့် တိုင်ကြားမှု ပြုလုပ်လိုပါက ဦးဆောင်စုံစမ်းစစ်ဆေးသူနှင့် ဆွေးနွေးတိုင်ပင်နိုင်ပါသည်။ ထို့ပြင် ကျွန်ုပ်သည် ပါဝင်ဖြေဆိုသူတစ်ဦးအနေဖြင့် ကျွန်ုပ်၏အခွင့်အရေးများနှင့်ပတ်သက်၍ဖြစ်စေ လူသားများပါဝင်သည့် သုတေသနနှင့်သက်ဆိုင်သော တက္ကသိုလ်၏မူဝါဒနှင့် အခြားစိုးရိမ်ပူပန်မှု သို့မဟုတ် တိုင်ကြားမှုတစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ သီးခြားပုဂ္ဂိုလ်တစ်ဦးနှင့် စကားပြောဆိုလိုပါက လူသားသုတေသနကျင့်ဝတ်ရေးရာကော်မတီ အတွင်းဝန်ထံသို့ ဖုန်းနံပါတ် +၆၁ ၇ ၃၇၃ ၄၃၇၅ သို့မဟုတ် အီးမေးလ်လိပ်စာ research-ethics@griffith.edu.au သို့လိပ်မူပြီး တိုက်ရိုက် ဆက်သွယ်နိုင်ကြောင်း သိရှိပါသည်။ မည်သည့်တိုင်ကြားချက် သို့မဟုတ် စိုးရိမ်မှုကိုမဆို လျှို့ဝှက်ကိစ္စအဖြစ်သဘောထားပြီး အလေးအနက်စုံစမ်းစစ်ဆေးသွားမည် ဖြစ်ပါသည်။ စစ်ဆေးမှုရလဒ်ကို သင့်ထံသို့ အကြောင်းကြား ပေးပို့မည် ဖြစ်ပါသည်။

ကျွန်ုပ်သည် အင်တာဗျူးကို မှတ်တမ်းတင်ရေးသားရန် နှင့် အသံသွင်းယူရန် သဘောတူပါသည်။
သဘောတူပါသည် ☐ သဘောမတူပါ ☐

၁၁။ ကျွန်ုပ်အနေဖြင့် စိုးရိမ်မှုနှင့် တိုင်ကြားချက်တစ်စုံတစ်ရာရှိပါက ယခုလေ့လာမှုအကြောင်း အသေးစိတ်ဖော်ပြထားသည့် သတင်းအချက်အလက်စာရွက် မိတ္တူတစ်စောင်ကို သိမ်းထားနိုင်ကြောင်း သိရှိပါသည်။

**ပါဝင်သူက ဖြည့်စွက်ရန် -**

Griffith UNIVERSITY
Queensland, Australia

နာမည်: ________________________ လက်မှတ်: ____________________________ နေ့စွဲ: _____________

**သုတေသနအဖွဲ့ဝင်က ဖြည့်စွက်ရန် -**

ကျွန်ုပ်သည် ယခုသုတေသနအကြောင်းအရာများကို ________________________________________________ ထံသို့

(ပါဝင်သူ၏အမည်ကိုရေးသားပါ)

ရှင်းပြပြောဆိုပြီးဖြစ်၍ ကျွန်ုပ်၏အမြင်တွင် သူမ/သူသည် ရှင်းပြချက်ကို ကောင်းစွာနားလည်ထားပါသည်။

လက်မှတ် - _____________________ ရာထူး - _______________________________ နေ့စွဲ - ____________